IFC International Finance Corporation World Bank Group | THE WORLD BANK

ဆက်သွယ်ရန်
ဦးကျော်စိုးလင်း (ရန်ကုန်)
+၉၅၁ ၆၅၄၈၂၄
klynn@worldbank.org

**မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်းဥပဒေများကို ပထမဦးဆုံးအကြိမ် ထည့်သွင်း လေ့လာထားသည့် Doing Business အစီရင်ခံစာ**

**ရန်ကုန်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်။** မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် ကောင်းမွန်သည့် စည်းမျဉ်းဥပဒေများ ပေါ်ပေါက်လာစေရန် ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယခုအခါ ထိုပြောင်းလဲမှုများကို ကြိုးပမ်း ဆောင်ရွက် လျက်ရှိသည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည်ဟု ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) တို့ ပူးတွဲပြုစုသည့် အစီရင်ခံစာ သစ်တွင် ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် စင်ကာပူနိုင်ငံသည် ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းဆောင်ရွက်ရန် အကောင်းဆုံး စည်းမျဉ်း ဥပဒေများပြဋ္ဌာန်းထားသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး ဟောင်ကောင် နှင့် တရုတ်တို့က ဒုတိယလိုက်လျက်ရှိသည်။ ယခင်နှစ်က အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် စုစုပေါင်း ၂၅ နိုင်ငံအနက် ၁၅ နိုင်ငံသည် စီးပွားရေးလုပ်ငန်များ အဆင်ပြေချောမွေ့စွာ လည်ပတ်လုပ်ကိုင် နိုင်ရန်အတွက် စည်းမျဉ်းဥပဒေ ပြုပြင်ပြောင်းလဲရေးကို အနည်းဆုံး တစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

"ဒီနှစ်အတွက် ထုတ်ဝေတဲ့ Doing Business အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ စည်းမျဉ်း ဥပဒေတွေကို ပထမဦးဆုံးအကြိမ်အဖြစ် ထည့်သွင်း ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနဲ့ အဆက်အသွယ်ပြတ်နေပြီး အခုမှ စတင် ပွင့်လင်းလာတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်" ဟု ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် မစ္စတာ ခန်သန်ရှန်ကာက ပြောသည်။ "လေ့လာတွေ့ရှိရတဲ့ သတင်းအချက်အလက်တွေအရ စီးပွားရေးလုပ်ငန်းတွေအတွက် ကောင်းမွန်တဲ့ စည်းမျဉ်းဥပဒေတွေ ပေါ်ပေါက်လာဖို့ ပြုပြင်ပြောင်းလဲရေးတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရမှာဖြစ်ပြီး မြန်မာနိုင်ငံဟာ အခုဆိုရင် အဲဒီလို ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ လမ်းကြောင်းပေါ် ရောက်နေပါတယ်။ စီးပွားရေးလုပ်ငန်းတွေ စတင်ဖို့နဲ့ ချဲ့ထွင်နိုင်ဖို့ အခက်အခဲဖြစ်နေရတဲ့ စည်းမျဉ်းဥပဒေတွေကို ဖယ်ရှားပေးခြင်းဖြင့် အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်စွာ ဆောင်ရွက်ဖို့ လွယ်ကူအဆင်ပြေတဲ့ အခြေအနေမျိုး ပေါ်ပေါက်လာဖို့ အားပေးဆောင်ရွက်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလို ဆောင်ရွက်မှုမျိုးကို ဒေသတွင်းမှာ ရှိတဲ့ အခြား အစိုးရတွေလည်း ဆောင်ရွက်ခဲ့ကြပါတယ်။"

"စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ပိုမို ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးပေးခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ဖန်တီးပေးမယ့် စီးပွားရေးလုပ်ငန်းတွေကို စီးပွားရေးလုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်တယ်" ဟု အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ ချားလ်ရှနိုက်ဒါက ပြောသည်။ "မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ စည်းမျဉ်းဥပဒေတွေနဲ့ အညွှန်းကိန်းတွေကို ပထမဦးဆုံးအကြိမ် အဖြစ် လေ့လာနိုင်ခြင်းက မြန်မာ့ စီးပွားရေး ကဏ္ဍအတွက် ကြီးမားတဲ့ ခြေလှမ်းတစ်ရပ်လို့ ဆိုနိုင်ပါတယ်။ Doing Business အစီရင်ခံစာမှာ စတင်ပါဝင်လာတဲ့အတွက် မြန်မာနိုင်ငံဟာ ၎င်းရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ရဲ့ အကျိုးရလဒ်တွေကို တိုင်းတာအကဲဖြတ်နိုင်မှာ ဖြစ်တယ်။"

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းဥပဒေများကို သိရှိ နားလည်ခြင်း ဟု အမည်ပေးထားသည့် ၂၀၁၄ ခုနှစ်အတွက် Doing Business အစီရင်ခံစာသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံ ၂၃ နိုင်ငံအနက် ၂၂ နိုင်ငံသည် ၂၀၀၅ ခုနှစ်ကတည်းက စတင်ကာ ၎င်းတို့၏ စည်းမျဉ်းဥပဒေများကို စီးပွားရေး လုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာစေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ထိုကာလအတွင်း ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအတွက် စည်းမျဉ်းဥပဒေများ ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ထိုနိုင်ငံများအနက် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

ယခင်နှစ်က ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းဥပဒေများကို ကောင်းမွန်အောင် ဆောင်ရွက်ရာ တိုးတက်မှု အရှိဆုံး ထိပ်တန်း ၁၀ နိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံ ပါဝင်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ အစိုးရသည် ကဏ္ဍသုံးခုတွင် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီများအတွက် အခွန်ပေးဆောင်ရာတွင် လွယ်ကူမှုရှိစေရန် အွန်လိုင်းမှတစ်ဆင့် ဖောင်ဖြည့်သွင်းခြင်းနှင့် ငွေပေးသွင်းခြင်း တို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဆောက်လုပ်ရေး လုပ်ကိုင်ခွင့်များ ချပေးရာတွင် လွယ်ကူမှုရှိစေရန် နေထိုင်ရေး စည်းမျဉ်းများကို ရှင်းလင်းအောင် ဆောင်ရွက်ပေးခဲ့သည်။ စည်းမျဉ်းအသစ်များက ငွေထုတ်ချေးသူများအနေဖြင့် နိုင်ငံ၏ အကြီးဆုံး ကြွေးမြီ အချက်အလက် ဆိုင်ရာရုံးထံမှ သတင်းအချက်အလက်များကို ရယူခွင့် ရရှိအောင် စည်းမျဉ်းအသစ်များဖြင့် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်သည်။

ယခုနှစ်တွင် စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်နိုင်ငံများနည်းတူ အကောင်းဆုံး စီးပွားရေး စည်းမျဉ်းဥပဒေများရှိသည့် ထိပ်တန်း နိုင်ငံ ဆယ်ခုအဖြစ် ရပ်တည်လျက်ရှိသော နိုင်ငံများ စာရင်းတွင် နယူးဇီလန်၊ အမေရိကန် ပြည်ထောင်စု၊ ဒိန်းမတ်၊ မလေးရှား၊ ကိုရီးယား၊ ဂျော်ဂျီယား၊ နော်ဝေနှင့် ယူနိုက်တက် ကင်းဒမ်းတို့ ပါဝင်ကြသည်။ ယခုနှစ် အစီရင်ခံစာတွင် မလေးရှားနိုင်ငံ၏ အွန်လိုင်းမှ တစ်ဆင့် အခွန်ပေးဆောင်သည့် စနစ်၊ စင်ကာပူနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများအတွက် single-window စနစ်နှင့် ကိုရီးယားနိုင်ငံတွင် ကန်ထရိုက်စာချုပ်များ ချုပ်မှုအတွက် အွန်လိုင်း တရားရုံးစနစ်တို့ကိုလည်း အထူးပြု လေ့လာထားပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများကို အဆင့်သတ်မှတ်ချက်များ ပေးသည့်အပြင် Doing Business အစီရင်ခံစာသည် နှစ်စဉ်တိုင်းတွင် အညွှန်းကိန်းများတွင် တိုးတက်မှု အများဆုံး ရှိခဲ့သည့် နိုင်ငံများကိုလည်း ဖော်ပြလေ့ရှိသည်။ ထိုစာရင်းတွင် ပါဝင်သည့် ၁၀ နိုင်ငံမှာ (တိုးတက်မှု ရှိခဲ့သည့် အစဉ်လိုက်) ယူကရိန်း၊ ရဝန်ဒါ၊ ရုရှဖက်ဒရေးရှင်း၊ ဖိလစ်ပိုင်၊ ကိုဆိုဗို၊ ဂျေဗုတိ၊ ကိုတီ ဒိုင်ဗရီ၊ (ယခင် ယူကိုလဆပ်) မက်ဆီဒိုနီးယား ပြည်ထောင်စု နှင့် ဂွါတီမာလာ နိုင်ငံတို့ တို့ဖြစ်ကြသည်။ စိန်ခေါ်မှုများ ရှိနေသော်လည်း ယခုနှစ်အတွက် တိုးတက်မှု အများဆုံး ဆောင်ရွက်ခဲ့သည့် ထိပ်တန်း ငါးနိုင်ငံမှာ ဘရွန်ဒီ၊ ကိုတီ ဒိုင်ဗရီ၊ ဂျေဗုတိ၊ ဖိလစ်ပိုင်နှင့် ယူကရိန်းနိုင်ငံများဖြစ်ကြသည်။ သို့သော်လည်း ထိုနိုင်ငံများသည် အစီရင်ခံစာက ပေးသည့် ကမ္ဘာလုံးဆိုင်ရာ အဆင့်သတ်မှတ်ချက်များအနက် အောက်ခြေနိုင်ငံများ စာရင်းတွင် ပါဝင်လျက်ရှိကြသည်။

**Doing Business အစီရင်ခံစာ**

ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) တို့ ပူးတွဲပြုစုသည့် Doing Business အစီရင်ခံစာ သည် နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းစဉ် အစ အဆုံးကို လေ့လာသည်။ စီးပွားရေးလုပ်ငန်းများ စတင်ခြင်း၊ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော်ကာ ကုန်သွယ်ခြင်း၊ အခွန်ပေးဆောင်ခြင်းနှင့် ကြွေးမြီပြဿနာကိုဖြေရှင်းခြင်း တို့ဖြစ်ကြသည်။ စီးပွားလုပ်ငန်းများ ဆောင်ရွက်ရန် အဆင်ပြေလွယ်ကူမှုအရှိဆုံး နိုင်ငံများအဖြစ် အညွှန်းကိန်း ၁၀ ခုအပေါ်တွင် အခြေခံကာ အဆင့်သတ်မှတ်ချက်များ ထုတ်ပြန်ပေးပြီး နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၏ စီးပွားရေးများကို လေ့လာထားပါသည်။ သို့သော်လည်း အချို့အချက်များကို ထည့်သွင်းလေ့လာခြင်း မရှိပါ။ ဥပမာအားဖြင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ မက်ခရိုစီးပွားရေး တည်ငြိမ်မှုဆိုင်ရာ ကဏ္ဍအချို့၊ လုပ်သားအင်အားစု၏ ကျွမ်းကျင်မှုအတိမ်အနက်နှင့် ဘဏ္ဍာရေးစနစ်များ၏ ခွမ်းရည်တို့ကို လေ့လာထားခြင်း မရှိပါ။ အစီရင်ခံစာ၏ တွေ့ရှိချက်များသည် ကမ္ဘာလုံးဆိုင်ရာ မူဝါဒဆိုင်ရာ ဆွေးနွေးမှုများကို ဖြစ်ပေါ်စေသည့်အပြင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်းဥပဒေများသည် စီးပွားရေး ရလဒ်များနှင့် မည်သို့ ဆက်စပ်သည်ကို လေ့လာသုတေသနပြုမှုများအတွက် အကျိုးရှိစေပါသည်။ ယခုနှစ်၏ Doing Business အစီရင်ခံစာသည် ၁၁ ကြိမ်မြောက် တည်းဖြတ်ထုတ်ဝေခြင်း ဖြစ်ပြီး နိုင်ငံပေါင်း ၁၈၉ နိုင်ငံကို လေ့လာထားသည်။ Doing Business အစီရင်ခံစာများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပိုမိုသိရှိနိုင်ရန် doingbusiness.org နှင့် doingbusiness.org/Facebook စသည်တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကမ္ဘာ့ဘဏ် အုပ်စု**

ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ အကူအညီပေးလျက်ရှိသည့် ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးရေး အဖွဲ့အစည်းများတွင် ပါဝင်သည်။ လုပ်ငန်းဆိုင်ရာ အချင်းချင်း နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းငါးခုဖြင့် ကမ္ဘာ့ဘဏ် အုပ်စုကို ဖွဲ့စည်းထားသည်။ ၎င်းအဖွဲ့အစည်းများမှာ ကမ္ဘာ့ဘဏ်ဟု နှစ်ဖွဲ့ပေါင်းကာ အမည်တွင်သည့် ပြည်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ ဘဏ် (IBRD)နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (IDA) တို့အပြင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC)၊ နိုင်ငံစုံ အကျိုးတူ ရင်းနှီးမြှုပ်နှံမှု အာမခံအေဂျင်စီ (MIGA) နှင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုများ ဖြေရှင်းရေး ဌာန (ICSID) တို့ဖြစ်ကြသည်။ ၎င်းအဖွဲ့အစည်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် လူနေမှုဘဝများ တိုးတက်စေရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ www.worldbank.org, www.miga.org နှင့် www.ifc.org တို့တွင် သတင်းအချက်အလက်များ ပိုမို သိရှိနိုင်ပါသည်။


**Regional Media Contacts:**

**East Asia and the Pacific**

Hannfried von Hindenburg +852 2509-8115
E-mail: hvonhindenburg@ifc.org

Carl Patrick Hanlon +1(202) 473-8087
E-mail: chanlon@worldbank.org